

# ရွှန်းရမိမိုး

ဖယောင်းတိုင်

L လင်း

# ဖယောင်းတိုင်

ဒီနေ့ တော်တော်နေပြင်းတာပဲ။ နေလုံးက ခေါင်းပေါ်တည့်တည့် ရောက်လာချိန်မှာ ကိုကံကောင်းတစ်ယောက် ပျိုးထုပ်ထုပ်ခြင်းကို လက်စသတ်လိုက်သည်။

မိဘတွေချန်ထားခဲ့တဲ့ စိုက်ပျိုးရေးခြံလေးနဲ့ ခြံထောင့်ရှိ တဲသာသာ အိမ်တစ်လုံးကြောင့် ကိုကံကောင်းတို့ လင်မယားနေဖို့စားဖို့ မပူရခြင်းပါ။

ခုဆို ဇနီးသည်မှာ ကိုယ်ဝန်နှစ်လနှင့်။ ခုခေတ်ကလည်း လှုပ်လိုက်တာနှင့် ပိုက်ဆံတွေ ကင်းခြေများလို ခြေထောက်ပေါင်းများစွာနှင့် ထွက်ပေါက်ရှာတတ်သည်။

ဒီတော့ ဇနီးသည်ရဲ့ မီးဖွားစရိတ်အတွက် ကိုကံကောင်းတို့မှာ စုဘူးကလေး သပ်သပ်ထား ကာ စုရသေးသည်။ လက်ထဲမှာပဲ စုလို့ကတော့ ရရစားစား ဝါးဝါးမြိုမြိုနှင့်ပင် စုမိမှာမဟုတ်။

ကိုကံကောင်း အမြင်မှာတော့ လူတိုင်းမှာ ကြီးကြီးသေးသေး စုဘူးတစ်လုံးတော့ ရှိသင့် သည်။

သူဌေးလူတန်းစားတွေ အတွက်တော့ ငွေစုစာအုပ်ဟူသော ဘဏ်စုဘူးကြီးတွေရှိသည်။

ကိုကံကောင်းတို့လို လက်လုပ်လက်စား လူတန်းစားအဖို့တော့ ပလတ်စတစ်ဖြင့် ပြုလုပ် ထားသော အရုပ်ပုံစံ စုဘူးလေးတွေပဲ အားကိုးရသည်။

ကိုယ့်ထည့်နိုင်သည့် ပမာဏက ဘဏ်ကိုသွားသည့် လမ်းစရိတ်သာသာရယ်လေ။

အတွေးရေယာဉ်ကြောဝယ် တမျောမျော လွင့်နေသော ကိုကံကောင်းရဲ့ စိတ်အာရုံထဲကို ကလေးငိုသံစူးစူးလေးက အတင်းတိုးဝင်လာသည်။

“ငဲ . . . . ငဲ . .. . အူငဲ . . . . ငဲ . . . .အူငဲ . . .”

အို . . .မတရားကို ငိုနေတာပါပဲ။ ကလေးငိုသံက ခြံထောင့်က စက္ကူပြန်းရုံနားက ထွက်နေ တာ။ ကိုကံကောင်းမနေနိုင်တော့ ခြေထောက်တွေက ခြံထောင့်ကို ဦးတည်နေပြီ။

စက္ကူပြန်းရုံအောက်မှာ ပုဆိုးစုတ်ကလေးတစ်ထည်ခင်းပြီး ပုဆိုးစုတ်ကလေးတစ်ထည် အုပ်ခံထားရသော ယက်ကန်ယက်ကန်ကလေးလေး။ မွေးကင်းစ နီတာရဲကလေးဟာ မွေးရာပါ ဆံပင်ကလေးတွေပင် မရိတ်ရသေး။ ပုဆိုးစုတ်လေးပေါ်သိုပ ပုရွတ်နီတစ်ကောင်က လမ်းလျှောက် ထွက်နေလိုက်တာ ရွစိရွစိနှင့်။

ထိုပုရွတ်နီဆီသို့ ကိုကံကောင်းလက်က အလိုလိုရောက်သွားသည်။ ပုရွတ်နီတစ်ကောင်ကို ဖယ်ပေးပြီးတာနှင့် ကလေးကို ပွေ့ယူပစ်လိုက်သည်။

ကလေးလက်ထဲမှာ စက္ကူစုတ်တစ်ရွက်။ ကလေးလက်ကလေးကို ဆွဲယူဖြေချလိုက်တော့ စက္ကူစုတ်အကြေလေး ပြုတ်ကျလာသည်။

“ကိုယ့်ကိုယ်ကိုယ်တောင် တောင်းရမ်းစားသောက်နေရလို့ ကလေးကို စွန့်ပစ်ရပါတယ်”

စာကို စုတ်ချာချာလက်ရေးနဲ့ ရေးသားထားသေးသည်။ လက်မှတ်မပါ၊ ကြက်ခြေခတ်မပါ သော စာတိုတစ်ကြောင်းက ကလေးမိဘတွေရဲ့ အဆင့်အတန်းကို ဖော်ပြနေသည်။

ကိုကံကောင်း သက်ပြင်းရှည်ကြီး ချလိုက်မိသည်။ ဥမမယ် စာမမြောက် ဒီကလေးကို ပစ် မထားရက်ပေမယ့် မွေးဖို့ကျတော့လည်း အနိုင်နိုင်ရယ်ပါ။ ပြီးတော့ ဇနီးသည်မှာက ကိုယ်ဝန်နဲ့။ ဘယ်လိုလုပ်ရပ့ါ။

ထူးဆန်းတာက ကိုကံကောင်း လက်ပေါ်ရောက်တာနှင့် ကလေး

အငိုတိတ်သွားသည်။ လက်ကြိုက်မလေးပဲ။ အဲ . . . .ဟုတ်တယ်။ ကလေးက မိန်းကလေး။

မျက်လုံးကလေးများ ဝိုင်းစက်ရွှန်းစိုလို့။ ကိုကံကောင်းကို မော့ကြည့်နေပုံက မျှော်လင့်ချက် နှင့် မော့ကြည့်နေပုံမျိုး။ သူ့လက်မလေး သူစုပ်ပြီး ကြည့်နေသော ကလေးကို မြေပြင်ပေါ် ရက်စက် စွာ ပြန်ချပြီး ကျောခိုင်းဖို့ပြင်၏ ။

“ဝဲ . . . ဝဲ . . . အူဝဲ . . . အူဝဲ . . . ဝဲ . . . ဝဲ . . ..”

ငိုသံလေးက စူးရှလာပြန်သည်။ တစ်လှမ်း၊ နှစ်လှမ်း ငိုသံက ပျောက်လုပျောက်ခင်၊ အသံ လေးတွေပင် ပြာလာသည်။ မနေနိုင်တော့။ ကလေးကို ပြန်လှည့်ပွေ့ယူလိုက်သည်။ လက်ပေါ် ရောက်တာနှင့် ကလေးအငိုက တိတ်ခနဲ။

“ဟယ် . . . တတ်နိုင်တော့ဘူး။ ကျင်လှ ပြောရင်လည်း ခံလိုက်တော့မယ်။ ကလေးကို တော့ မထားခဲ့ရက်ဘူး”

တစ်ကိုယ်တည်း ရေရွတ်ညည်းညူရင်း အိမ်ဘက်လျှောက်လာသည်။

အိမ်ပေါ်လှမ်းအတက် မကျင်လှက လှမ်းကြည့်သည်။

“ကိုကံကောင်း လက်ထဲက ဘာကြီးတုံး”

ထို့နောက်မှာ ကျိုးကြောင်းစုံလင်သွားသော မကျင်လှက တူးတူးခါးခါး ငြင်းပါသည်။

“ကိုကံကောင်းရယ် . . . ကျုပ်မှာလည်း ကိုယ်ဝန်နဲ့လေတော်ရယ်။ ခြေနှစ်ချောင်းက မဝင် ကောင်းလို့ ကျုပ်နဲ့ ကျုပ်ဗိုက်ထဲက ကလေး တစ်ခုခုဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ။ သွား . . .သွား တစ်နေရာရာ သွားပြန်ပစ်လိုက်” “တယ် . . . မကျင်လှ၊ နင် ဘယ်လိုပြောလိုက်တာတုန်းဟ၊ ပစ်ချင်ရာ ပစ်လိုက်ရအောင် ဟင်းရွက်ကန်စွန်းမှ မဟုတ်တာဟာ။ ငါမပစ်ရက်ဘူး”

“ဒီမယ် ကိုကံကောင်း၊ သူ့ကိုမွေးထားတဲ့ သူ့မိဘတွေတောင်

ပစ်ရက်သေးတာ၊ တော်က ဘာဖြစ်နေတာလဲ၊ ဘာလဲ . . . ဒါ တော်တိတ်တိတ်ပုန်း ရထားတဲ့ ကလေးလား”

“ဟာ ဒီမိန်းမ တော်တော်မဖွယ်မရာ ပြောတာပဲ၊ ဒီမှာ မကျင်လှ . . . လူဆိုတာ သူ့ကံနဲ့သူ ပါဟာ၊ ဒီကလေးရောက်လာလို့ မင်းတို့သားအမိကို ထိခိုက်မယ်ဆိုတာကြီးက သိပ္ပံနည်းမကျဘူး ဟာ၊ အယူဟောင်းတွေ စွန့်လိုက်ပါ။ ဒီမှာကြည့်စမ်း၊ ကလေးက ချောတယ်ဟ၊ ချစ်စရာလေး။ ငါတို့ ပဲ မွေးစားလိုက်ရအောင်ဟာ”

“ပြောတာက လွယ်တယ် ကိုကံကောင်းရေ။ ဒီခေတ် လူတစ်ယောက်စရိတ်ဆိုတာ ပေါ့တာ မဟုတ်ဘူး။ ရှင်နဲ့ ကျွန်မမှာ မွေးလာမယ့် ကလေးအတွက်တောင် ကြိုတင်ပြီး ခြေကန်စုနေရတာ လေ။ ဒီးကလေးအတွက် ဝန်ပိမှာကြောက်တယ်”

“ငါပိုရှာပေ့ါမယ် မိန်းမရယ်၊ ဒီကလေးကိုတော့ မွေးလိုက်ပါဟာ၊ သနားလို့ပါ”

ပြီးရော . . . .ပြီးရော၊ တစ်ခုတော့ ကြိုပြောထားမယ်၊ ဒီးကလေးကို ကိုယ့်သားသမီးနဲ့တော့ တန်းတူမထားနိုင်ဘူးနော်”

“အေးပါဟာ”

*

ကလေးရဲ့ ကံကြမ္မာဟာ လမ်းဘေးပစ်ခံထားရတာ ထက်စာရင် မကျင်လှရဲ့ မကြည်မဖြူ ထမင်းရည်လေးနဲ့ အသက်ဆက်ခွင့်ရတာ ကပင် ကံကောင်းတာ မဟုတ်လား။

မကျောင်လှကလည်း ကလေးကို ချစ်ချစ်ခင်ခင်ကြီး မဟုတ်လှတာကလွဲရင် ဂရုတစိုက်တော့ ရှိပါသည်။

မိုးလင်းတာနှင့် ကလေးမျက်နှာမှာ သနပ်ခါးအဖွေးသား ကပ်နေပြီ။ တစ်ရာတန် နို့မှုန့်ထုပ် လေးထဲက လက်ဖက်စားဇွန်း တစ်ဇွန်းစာလောက် နို့မှုန့်ကလေး ထည့်မွှေကာ ကလေးကို တိုက်ရ သည်။

ဈေးထဲက ပေါပေါပဲပဲ ဈေးချုပ်ကလေး အင်္ကျီလေးနှစ်ထည်လည်း မရှိတဲ့ကြားက ဝယ်ဆင် ရှာပါသည်။

ဒါပေမဲ့ ညည အိပ်ရေးပျက်တော့ မခံ။ ကလေးညဘက်ငိုရင်တော့ ထရတာ က ကိုကံ ကောင်းပင်။

“ကျောင်လှ အိပ် . . . အိပ်၊ နင်က ကိုယ်ဝန်ကြီးနဲ့ဆိုတော့ အားနည်းမယ်။ ငါပဲ ထလိုက်မယ်”

ဒီလိုနဲ့ ဒီကလေးကို မွေးခဲ့ကြတာပါ။ နာမည်တစ်ခုမဖြစ်မနေပေးရမှာမို့ ကလေးနာမည်ကို အလွယ်တကူ “မိကောက်ရ” လို့ပဲ ပေးလိုက်တယ်။

အိမ်အခေါ်တော့ “မိကောက်”ပေါ့။

အဲဒီ လိုနဲ့ သူတို့ရဲ့ကလေးလေးသည် မိခင်ရော ကလေးပါ ကျန်းမာစွာ မွေးဖွားလာခဲ့တယ်။ အဲဒီ ကလေးကိုတော့ သူတို့ရင်နှစ်သည်းချာမို့ “ရွှေသုန္ဒရီ”လို့ နာမည်ပေးသတဲ့။

သုန်သုန့်ကို မကျောင်လှ နို့တိုက်ရင် မိကောက်လေးက ပါးစပ်တပြင်ပြင်နှင့်။

“မေ့ . . . မေ့”

ဟု အနားကပ်လာတတ်သည်။ သို့သော် မကျောင်လှကတော့ ယောင်လို့တောင် မတိုက်ပါ။ တစ်ခါတလေ ကိုကံကောင်းက . . .

"မိကောက်လေးပါ တိုက်လိုက်ပါဟ"

"ဒီမှာ ကိုကံကောင်း ကျုပ်တို့မှာက သမီးကလေးကို သူများတွေလို နို့မှုန့်အကောင်းစားတွေ အဟာရတွေ ကျွေးနိုင်တာ မဟုတ်ဘူးတော့။ ကျုပ်နို့လေးကို သမီးတစ်ယောက်ပဲ ဂဂလင်လင် စို့ပါ စေသော်။ ကျုပ်အစကတည်းက ပြောပြီးသားလေတော်၊ မိကောက်ကို ကျုပ်သားသမီးနဲ့ တန်းတူ မထားနိုင်ပါဘူးလို့"

"အေးပါဟာ၊ ဒါဆိုလည်း ငါမိကောက်ကို ထမင်းရည်နဲ့ နို့မှုန့်ကျဲလေး သွားတိုက်လိုက်ဦး မယ်"

"တိုက်လိုက်၊ တိုက်လိုက်"

သမီးလေး သုန်သုန်မွေးလာပြီးကတည်းက မကျင်လှ မိကောက်အပေါ် ပိုစိမ်းသွားသည်။ ကိုကံကောင်းကတော့ ကိုယ့်သမီးလေးကို ပိုချစ်ပေမယ့် ကိုယ်တိုင်ကောက်ရထားသည့် မိကောက် ကလေးကိုလည်း စာနာသနားစွာ သံယောဇဉ်ရှိရှာပါသည်။

ခုဆို မိကောက်လေးက 'ဖေ့ . . . မေ့" စသဖြင့် စကားပြောသင်စ ပြုလာပြီ။ သူဟာ အဖေ ဖြစ်ရပြီလေ။

သမီး သုန်သုန် စကားပြောတတ်ကာစမှာ မိကောက်ကလေးက "အဖေ အမေကို ပီပီသသ တတွတ်တွတ် ရွတ်တတ်နေပြီ။

သမီး သုန်သုန်ကို ဝယ်ကျွေးသော မုန့်လက်ညှိုးချောင်းလေးတွေကို မစားရရင် တအီအီ ငိုတတ်နေပြီ။

"တစ်ချောင်းတလေ ကျွေးလိုက်ပါ မကျင်လှရယ်"

"အကျင့်မလုပ်နဲ့ ကိုကံကောင်းရေ၊ တောကြာ စားဖူးပြီး စားချင်တိုင်း ဂျီကျနေရင် ခက်မယ် လေ။ သူ့ထမင်းရည်နဲ့သူပဲ ကောင်းပါတယ်"

ကိုကံကောင်းလည်း ဘာမှထပ်မပြောတော့ဘူး။ မကျင်လှ ဒီလောက်

လိုက်လျှောတာကိုပဲ ကျေးဇူးတင်ရတာ မို့လား။ မိကောက်ကလေးကတော့ ထမင်းရည်သောက်ရင်းနဲ့ပဲ ဂကစ်ကစ်လေး ဖြစ်လာပြီ။ မျက်လုံးလေးတွေ ပိုတောက်လာပြီး နှုတ်ခမ်းလေးတွေ တွတ်တွတ်ရဲနေသည်။ မျက်ခုံး လေးတွေ စိမ်းစိုမည်းနက်ကာ စင်ရော်တောင်ယောင်ဆောင်လို့။

သမီးလေး သုန်သုန်ကတော့ အလှကျဲရှာသည်။ မျက်ခုံးမျက်လုံး မလှရှာ။ နှာတံပေါ်ပြီး နှုတ်ခမ်းလေး ပုံပန်းကျနေသဖြင့် သာမန်ရုပ်ရည်ကလေးနှင့် ကြည့်ပျော်ရှုပျော်ရုံသာ။

ကိုကံကောင်းနှင့် မကျင်လှကလည်း သာမန်ရုပ်ရည်ပဲ ရှိတာကိုး။

ဘာပဲဖြစ်ဖြစ် ဒီအိမ်မှာတော့ ရွှေသုန္ဒရီသာ မူလ၊ ရွှေသုန္ဒရီသာ ပထမပါ။ အဲဒီ လိုနဲ့ပဲ . . .။

*

ကိုကံကောင်းနှင့် မကျင်လှတို့ နှင်းဆီတွေ ညှပ်နေတုန်း သုန်သုန်ငိုသံလေး စီစီဝေစွာ ထွက်ပေါ်လာသည်။

"ဟယ် . . . သမီးလေး ဘာဖြစ်ပါလိမ့်"

ကိုကံကောင်းက ကလေးတွေ ဆော့နေရာသို့ ပြေးကြည့်သည်။ မိကောက်က အုန်းမှုတ် ခွက်ကလေးနှစ်ခွက်ကိုင်ပြီး ငိုမဲ့မဲ့။ ရွှေသုန္ဒရီကတော့ အသံပြဲနှင့် အာခေါင်ခြစ် ငိုနေသည်။

"သမီးလေး ဘာဖြစ်တာလဲ မိကောက်"

မကျင်လှ အသံက စူးရှစွာ ထွက်ပေါ်လာသည်။

"အမေ သုန်သုန်က သူ့အိုးပုတ်တွေ ကွဲသွားလို့တဲ့"

"သမီး အိုးပုတ်တွေ ဘာလို့ကွဲသွားတာလဲ"

"သူ့ဘာသာ တက်နင်းမိတာ"

မိကောက်က ရှင်းပြရှာသည်။ သို့သော် သုန္ဒရီက . . .

"ပေး . . . .ပေး"

စကားမပြောတတ် ပြောတတ်နှင့် မိကောက်လက်ထဲက အုန်းမှုတ်ခွက်တွေကို တောင်းနေ သည်။ ထိုအုန်းမှုတ်ခွက်ကလည်း ရာဇဝင်နဲ့ပါ။ သုန်သုန့်အတွက် မကျင်လှက ဈေးထဲက အိုးပုတ် ကလေးတွေ ဝယ်လာတော့ မိကောက်ကလည်း လိုချင်သည်။ သို့သော် မိကောက်အတွက် မပါ။

သုန်သုန့်အတွက် ဝယ်လာတာကို သုန်သုန်ပေးမကစားလျှင် ကိုင်ခွင့်မရှိ။ ကိုင်လျှင် မကျင်လှ ရိုက်မှာသိသဖြင့် မျက်ရည်ရစ်တွဲဖြင့် အိုးပုတ်ကလေးတွေကို ငေးရသည်။

ထိုအဖြစ်ကို မကြည့်ရက်သော ပန်းဖောက်သည် မမိက နောက်နေ့ကျတော့ မိကောက် အတွက် ဈေးထဲက အုန်းဆံခြစ်သည့်ဆိုင်က အုန်းမှုတ်ခွက်ကလေးတွေ တောင်းလာပေးတာပါ။

ခုတော့ သုန်သုန်က သူ့အိုးပုတ်တွေ ကွဲသွားပြီး မိကောက်ရဲ့ အုန်းမှုတ်ခွက်လေးတွေဆီ လက်လှမ်းလာပြီ။

"မိကောက် . . . သမီးတောင်းနေတာ ပေးလိုက်လေ"

မိကောက်က ငိုမဲ့မဲ့နှင့် တစ်ခွက်လှမ်းပေးရှာသည်။ ဒါပေမဲ့ သုန်သုန်က လက်ထဲက ကျန်သည့် တစ်ခွက်ကိုပါ ထပ်တောင်းပြန်သည်။

"ညီမလေး . . . တို့တွေ တစ်ယောက်တစ်ခွက် ဆော့မယ်လေ နော်"

သုန်သုန့် ငိုသံက ပြဲခနဲ ထွက်လာပြန်ပြီ။

“ဟဲ့ . . . ပေးလိုက်ပါဆို၊ ကဲ . . .ခေါင်းမာဦးဟာ”

မကျောင်လှ လက်ဆစ်တွေက သူမရဲ့ ငယ်ထိပ်နုနုလေးပေါ်ကို အရှိန်နဲ့ ကျလာသည်။ ပူထူ သွားသော ခေါင်းလေးကို လက်နဲ့ပွတ်ရင်း ငိုမဲ့မဲ့။

သုန်သုန်ကတော့ သူမရဲ့ အုန်းမှုတ်ခွက်နှစ်ခုနှင့် ပြုံးကြည်စွာ ဆော့နေပြီ။

ကိုကံကောင်းက သက်ပြင်းချပြီး . . .

“မိကောက် မမိလာရင် ထပ်တောင်းလိုက်နော်။ ညီမလေးကို မငိုစေနဲ့၊ ကြားလား”

မိကောက် ပြူးကြောင်ကြောင်လေး ပြန်ကြည့်နေသည်။

*

မိကောက်တို့ သုံးနှစ်သမီးလောက်မှာ မိကောက်တို့ အေးခြံမှာ သတင်းစာဟောင်းတို့ ပုလင်းခွံတို့ စသဖြင့် အဟောင်းတွေဝယ်သောဆိုင်လေး လာဖွင့်သည်။

ထိုလင်မယားမှာ သားလေးတစ်ယောက် ပါလာသည်။ မိကောက်နှင့် ရွယ်တူ သုံးနှစ်သား လေးဖြစ်ပြီး မျက်နှာက မှုန်အစ်အစ်မို့ မှုံကြီးလို့ ခေါ်ကြသတဲ့။

သူတို့ခြံထဲမှာ ပစ္စည်းသယ်သော လှည်းလေးတွေ တော်တော်များများရှိသည်။ မနက်ဆို သတင်းစာဟောင်း၊ စက္ကူဟောင်းဝယ်တဲ့လူတွေ ရောက်လာပြီး သူတို့ခြံ လှည်းလေးတွေ

လာထုတ်သွားကြသည်။

ညနေ လှည်းလာအပ်ရင်တော့ သူတို့လှည်းလေးတွေထဲမှာ ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့်။

တစ်ခါတစ်ရံ မှုံကြီးကို ထိုလှည်လေးတွေထဲမှာ တွေ့ရတတ်သည်။ မှုံကြီး လှည်းစီးတိုင်း သူမတို့ ဒီဘက်ကနေ လှမ်းငေးရတာ အမော။

တစ်ရက်တော့ . . .

မှုံကြီးအမေက မှုံကြီးလက်ကိုဆွဲပြီး ချိုင့်တစ်ချိုင့်နှင့် သူမတို့ဘက် ကူးလာသည်။

"မုန့်ဟင်းခါးချက်လို့ လာပို့တာ အစ်မရေ"

အမေနှင့် အပြန်အလှန်တွေ မိတ်ဖွဲ့ပြီး မှုံကြီးအမေ ပြန်တော့ မှုံကြီးကို ထားခဲ့သည်။

ထိုအချိန်ကစပြီး မှုံကြီး၊ သုန်သုန်နှင့် ကျွန်မတို့ဆော့ဖော်ဆော့ဖက်၊ ကစားဖော် ကစားဖက် တွေ ဖြစ်လာကြသတဲ့။

မှုံကြီးနှင့် ကျွန်မက ရွယ်တူဆိုတော့ ပိုပြီးတည့်တယ်။ သုန်သုန်နှင့် မှုံကြီးကတော့ သိပ်ပြီး ဘက်မဖြစ်ပါဘူး။

မှုံကြီးကလည်း တစ်ဦးတည်းသော သားဆိုတော့ သူ့အမေတွေက အလိုလိုက်ထားပုံရ တယ်လေ။ သုန်သုန့်ကို ကျွန်မလို ဘယ်လျှော့ပေးပါ့မလဲ။

ပြီးတော့ မှုံကြီး လှည်းစီးရင် ကျွန်မပါ စီးရတယ်။ သူတို့ရဲ့ အဟောင်းပစ္စည်းဝယ်တဲ့ သူတွေ က ကျွန်မနဲ့ မှုံကြီးကို လှည်းထဲထည့်ပြီး လိုက်တွန်းပေးကြတယ်။ ကျွန်မ သိပ်ပျော်တာပဲ။

မှုံကြီးက သုန်သုန့်ကို ခေါ်မစီးလို့ သုန်သုန်ဟာ အာခေါင်ခြစ် ငိုသေးတယ်။ သုန်သုန်တို့ ဆွေ့ဆွေ့ခုန်ကျသပေါ့။

“သား . . . ကိုမှုံ၊ ညီမလေးကိုပါ ခေါ်စီးလေ”

မှုံကြီးမိခင် မချိုက ဖျောင်းဖျမှ

သုန်သုန်လှည်းပေါ်ရောက်လာတော့တယ်”

မှုံကြီးတို့ခြံထဲက သတင်းစာတွေ သွားဖွရင်း သူမတို့ခြံထဲက ပျိုးပင်တွေပေါ် တက်နင်းရင်း၊ မှုံကြီးတို့ခြံထဲက ပုလင်းခွံတွေထောင်ကာ သားရေကွင်းနှင့်စွပ်ရင်း၊ သူမတို့ ခြံထဲကအပင်လေးတွေ ကို အရွက်တွေ လိုက်ခြွေရင်းနဲ့ သူမတို့တွေ ကျောင်းနေရမည့် ငါးနှစ်အရွယ်ကို ရောက်လာကြသတဲ့။

အဲဒီ မှာ ပြဿနာက စတယ်။

ကျောင်းတွေအပ်ကာနီးတော့ မချိုက အင်္ကျီဖြူ၊ ဘောင်းဘီစိမ်းလေးတွေ၊ လွယ်အိတ်၊ ရေဘူး စသဖြင့် မှုံကြီးအတွက် ဝယ်ခြမ်းလာသည်။

မှုံကြီးက ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နှင့် သူမတို့ ခြံဘက် ပြေးလာပြပြီး ကြွားလိုက်သေး သည်။

ထိုအခါ သုန်သုန်က ဂျီကျပါတော့သည်။

“မေမေ သမီးလည်း ကျောင်းတက်မယ်။ ကျောင်းတက်မယ်။ လွယ်အိတ်ဝယ်ပေး”

“သမီးလေးကလည်းကွယ်၊ သမီးက အသက်မပြည့်သေးဘူးလေ၊ နောက်နှစ်မှ တက်ရမှာ သမီးရဲ့”

“အီး ဟီး . . . ကျောင်းတက်မယ်”

သုန်သုန် ကျေနပ်အောင် လွယ်အိတ်လေးတစ်လုံး ဝယ်ပေးလိုက်ရသည်။ သူမလည်း အဲဒီ ကျောင်းဆိုတဲ့ အရာကြီးပေါ်ကို တက်ချင်သည်။ မကျင်လှကို တိုးတိုးလေး ပူဆာမိသည်။

“အမေ သမီးလည်း ကျောင်းတက်ချင်တယ်”

“ဘာ”

မကျင်လှကတော့ ခပ်ကျယ်ကျယ်လေး တုံ့ပြန်ပါသည်။

“ကျောင်းတက်တယ်ဆိုတာ ပိုက်ဆံကုန်တယ်၊ ညည်းသိရဲ့လား။ ညည်းကို ကျောင်းထားဖို့ ပိုက်ဆံမရှိဘူး။ စိတ်ကူးယဉ်မနေနဲ့ ကြားလား”

ဘာမှန်းမသိပေမယ့် ပြုံးကြောင်ကြောင်လေးပဲပြန်ကြည့်လိုက်မိတယ်။ သူမဘဝက ရင်ခွင် ခေါင်းဖော့ တောင်းဆိုခွင့်မရှိတာကိုတော့ သိတယ်။

*

“မကျင်လှရေ”

“ဩော် . . . မချို လာလေ၊ အပြင်သွားမလို့လား”

“အပြင်က ပြန်လာတာ၊ ဒီမှာ လိမ္မော်သီးဝယ်လာလို့”

“ဩော် . . . ဟုတ်ကဲ့၊ ရော့ မချို၊ နှင်းဆီတွေလှလို့ မချိုအတွက် ချန်ထားတာ”

အမေက မချိုကို အမြဲလိုလို ဘုရားပန်း လက်ဆောင်ပေးပါသည်။ မချိုကလည်း စားစရာရှိ တိုင်း လာပို့တတ်သည်။

“ဩော် . . . မကျင်လှ ရှေ့အပတ်ကလေးတွေ ကျောင်းသွားအပ်ရအောင်။ ဘယ်နေ့ လောက် ရက်ရာဇာကျလည်း မသိဘူး။ နေ့ကောင်းရက်သာလေးရွေးပြီး သွားရအောင်လေ”

“သမီး သုန်က လေးနှစ်ပဲရှိသေးတယ် မချိုရဲ့။ နောက်နှစ်မှ အပ်ရမှာ။

ဒီနှစ်တော့ လမ်းထိပ် နားက မူကြိုမှာပဲ အပ်ရမယ်”

“သုန်သုန်ကတော့ ငယ်သေးတယ်၊ ဒါနဲ့ မိကောက်လေးက သားနဲ့တူတူမို့လား မကျင်လှ ရဲ့”

“မိကောက်ကိုတော့ မထားနိုင်ပါဘူး မချိုရယ်၊ ကိုယ့်သမီးလေးကိုတောင် မနည်းထားပေးရ မှာ”

“ဟိုလေ . . . မိကောက်က မွေးစားသမီးလား မကျင်လှ၊ ဟို . . . တစ်မျိုးတော့ မထင်နဲ့ နော်”

“မထင်ပါဘူးရှင်၊ ဟုတ်တယ်၊ မိကောက်က မွေးစားသမီးလေ။ မွေးစားတယ်ဆိုတာတောင် ကောက်ရလို့ မဖြစ်မနေရယ်ပါ မချိုရယ်၊ ဟောဟို စက္ကူပန်းခြံအောက် လာပစ်သွားလို့ မွေးထား လိုက်ရတာ ”

“ဩော် . . .သနားစရာပဲ၊ ကျွတ် . . . ကျွတ်”

“ဟုတ်တယ်၊ သနားလို့ မွေးထားကျွေးထားရပေမယ့် ကျောင်းတော့ မထားပေးနိုင်ဘူး။ ကိုယ့်မှာလည်း ကိုယ့်မိသားစုနဲ့ ဝင်ငွေကို မျှအောင်ထိန်းနေရတာ လေ”

မချိုလည်း စိတ်မသက်မသာနဲ့ပဲ ကိုယ့်ခြံဘက်ကူးလာခဲ့တယ်”

မကျင်လှ ပေးလိုက်သော နှင်းဆီတွေကို ဆူးတွေရွက်တွေသင်ရင်း မျက်နှာက မသာမယာ ဖြစ်နေတယ်။

“ချို ဘာဖြစ်နေလဲ၊ နေမကောင်းဘူးလား”

လင်တော်မောင် ကိုမြတ်က ဂရုတစိုက် မေးရှာတယ်။

“မဟုတ်ပါဘူး ကိုမြတ်ရယ်၊ မိကောက်လေး အကြောင်း စဉ်းစားနေလို့ပါ”

“ဟော . . . ဘာတွေများ စဉ်းစားနေတုန်း မိန်းမရာ”

“ဩော် . . .ဒီလို ကိုမြတ်ရဲ့ မိကောက်လေးက မွေးစားသမီးတဲ့”

“အေးလေ၊ ထင်တော့ ထင်သား၊ ဒီကလေးကို ပစားမှ မပေးတာ”

“ဟုတ်တယ် တော်ရေ၊ မွေးစားရတာ လည်း ကောက်ရပြီး မဖြစ်မနေမို့ မွေးစားရတာ တဲ့၊ အခု ကျောင်းထားရမယ့်အရွယ်ကို မထားဘူးတဲ့၊ မထားနိုင်ဘူးတဲ့”

“ဩော် . . . ကျွတ်ကျွတ် သနားစရာကွာ၊ ကလေးလေးက ချစ်စရာလေးကွ၊ ကော်ပတ်ရုပ် ကလေး ကျနေတာပဲ”

“ဟုတ်တယ်၊ ချို့လည်း မိကောက်လေးကို ချစ်တယ်၊ ကိုမြတ် စဉ်းစားကြည့်။ တစ်နေ့ တစ်နေ့ သူတို့ခြံက နှင်းဆီ နှစ်ရာ၊ သုံးရာ ထွက်နေတာ ကိုမြတ်ရယ်၊ ပြီးတော့ တစ်ပတ် တစ်ပတ် မြေပဒေသာကျွန်းကို ပို့နေတဲ့ ပျိုးပင်ဖိုးတွေနဲ့ မကျင်လှမှာ ရွှေဆိုတာ တစ်ကိုယ်ဆင်ကို ညွှတ်လို့ပါ တော်၊ အဲဒါကို ဒီကလေးကို တမင်ကျောင်းမထားချင်တာနဲ့ မထားနိုင်သလို ပြောလိုက်သေးတာ”

“ကဲပါ မချို့လေးရယ်၊ သူများအပူ ကိုယ့်အပူ လုပ်နေပြန်ပြီ။ ချို့ စိတ်မကောင်းဖြစ်နေရင် မိကောက်လေးကိုပဲ ချို့ပဲ ကျောင်းထားပေးလိုက်ပေါ့”

“အဲလို သွားပြောတော့ ကောင်းပါ့မလား”

“ဩော် . . . သူတို့မထားလို့ ကိုယ်ထားပေးမယ် ပြောရတာ ပဲကွာ”

“အင်းလေ . . . အဲဒါဆို ညကျရင် ချို့တို့ အဲဒီ ဘက်ကူးပြီး သွားပြောကြည့်တာပေါ့”

မချို့က ခုမှပဲ မျက်နှာကြည်သာစွာနှင့် ဘုရားပန်းလဲနေတော့သည်။

ကိုမြတ်က ဝင်လာသော လှည်းတွေဆီက ပုလင်းတွေစီ၊ စက္ကူတွေချိန်နှင့် လုပ်နေရသည်။

လူတိုင်း ကိုယ်စီကတော့ သူဌေးမိဘက ပေါက်ဖွားမလာဘူးဆိုရင် လက်လှုပ်မှ ပါးစပ်လှုပ် ကြရတာ ပါပဲလေ။ ညာဘက်ကသာ တစ်လှည်းဝင်ချင်ပေမယ့် ဘယ်ဘက်ကတော့ တစ်ဆုပ်ကျဲဖို့ အင်မတန် စေးနဲ့သော မကျင်လှဆီမှ မွေးစားသမီးဖြစ်ရရှာသော မိကောက်၏ ဘဝသည် . . .။

*

ည ၈ နာရီကျော်မှ ကိုမြတ်လုပ်ငန်းက သိမ်းရသည်။ ပစ္စည်းသိမ်းတာ ပြောတာပါ။ ငွေတွက်ဖို့ စာရင်းကိုက်ဖို့ကတော့ ရေမိုးချိုး ထမင်းစားသောက်ပြီးမှ ဆက်ရမှာ။

ဒီနေ့ကတော့ ထမင်းစားပြီးရင် ဇနီးသည်အလိုကျ မိကောက် ကျောင်းထားပေးခွင့်ရရေး အတွက် တစ်ဖက်ခြံကို သွားရမည်။

တစ်ဖက်ခြံက လင်မယားမှာ လင်ဖြစ်တဲ့ ကိုကံကောင်းကတော့ သဘောသက္ကာယလည်း ပြည့်ပုံရသည်။ မိန်းမဖြစ်သူ မကျင်လှကတော့ သာမန်ထက်ပို၍ စေးနဲ့ပုံရသည်။ သို့သော် အိမ်နီး ချင်းဆိုတော့လည်း မကောင်း၍ သို့ ကောင်း၍ သို့ တွက်၍ မှ မသင့်တာလေ။

ထမင်းစားပြီးတာနှင့် လင်မယားနှစ်ယောက် တူစုံတွဲ၍ တစ်ဖက်ကို ကူးရသည်။

သားကြီး ကိုမှုံကတော့ အိပ်နေပြီ။ ဒီကောင်က အလွန်အဆော့သန်သလို ညဘက်ဆို ခုနစ် နာရီမထိုးခင် အိပ်ပြီ။

"ဟော . . . . မချိုတို့ပါလား၊ လာ . . . လာ"

မကျင်လှတို့မှာ အလုပ်မသိမ်းသေး။ ပန်းဖောက်သည်တွေက

မနက်ရောင်းဖို့ ပန်းကို ညဘက်လာယူကြသည်ကိုး။

“ကိုကံကောင်း . . . ပန်းတွေပိုထွက်လာသလိုပဲဗျနော်”

“ဟုတ်တယ် ကိုမြတ်။ အစာမှန်ပြီး ပေါင်းကောင်းရင်တော့ ပွင့်နှုန်းက မကျဘူးဗျာ။ ဂရု တော့စိုက်ရတာ ပေ့ါ။ ခဏဗျာ ဒီနှစ်ယောက်ကို ပေးပြီးရင်တော့ ပြတ်ပါပြီ”

“ရတယ်ဗျာ၊ လုပ် . . . လုပ်”

ကိုကံကောင်းနား သွားထိုင်စကားပြောနေသော ကိုမြတ်ကိုကြည့်ကာ မချို စကားစရသည်။

“မကျင်လှ သမီးတွေ အိပ်ပြီလား”

“အိပ်ပြီ . . . အိပ်ပြီ၊ သူတို့အိပ်မှပဲ”

ထို့နောက် ပန်းသည်တွေပြန်သွားပြီး ကိုကံကောင်းက ရေချိုး၊ မကျင်လှက ထမင်းပွဲ ပြင်ပြီး . . .

“မချို စားပြီးပလား၊ တစ်ခါဝင်ဝိုင်းပါဦးလား”

“စားပြီးပြီ မကျင်လှ၊ စား . . . စား”

စားသောက်ပြီးမှ အုန်းထန်းလျက်နဲ့ လက်ဖက်အစ်ရသည်။ ကောက်ညှင်းမွှေးရွက်ခတ်ထား သော လက်ဖက်ခြောက်ကလည်း ကောင်းမှကောင်း။ ဒီတော့မှပဲ ကိုမြတ်က စကားစရသည်။

“ဒီလို ကိုကံကောင်းရေ။ အခု ကလေးတွေ ကျောင်းထားရမယ့်အရွယ်ဆိုတော့ သားနဲ့ အဖော်ရအောင် မိကောက်ကို ကျွန်တော်တို့ ကျောင်းထားပေးပါရစေလို့ လာခွင့်တောင်းတာပါဗျာ”

“မိကောက်လေး၊ ကျောင်းထားရမယ့်အရွယ်တောင် ရောက်ပြီလား။

အဟား . . . ကိုယ့် ကလေးကိုတောင် အမှုမဲ့ အမှတ်မဲ့နဲ့ဗျာ။ ဆောရီး . . .ကိုမြတ်ရေ။ ကျွန်တော်တို့ မထားတာ မဟုတ်ပါဘူးဗျာ။ ထားပေးမှာပါ”

“ကိုကံကောင်း . . . . မိကောက်ကို ကျွန်မတို့ ကျောင်းမထားပေးနိုင်ဘူးတော်။ သမီး သုန်လေးအတွက် စုရဦးမှာ။ နောက်နှစ် သမီးလေး ကျောင်းတက်ရမှာလေ။ အတန်းငယ်တုန်း ကိစ္စ မရှိဘူး တော်ရေ။ အတန်းကြီးလာလို့ နှစ်ယောက်စာ မနိုင်ဘဲ ခါးပြတ်မှာစိုးတယ်။ အဲဒါကြောင့် နေ့လယ်ကပဲ မချိုကို ပြောလိုက်တာ။ မိကောက်ကို ကျောင်းမထားနိုင်ဘူးလို့”

“မကျင်လှနှယ်၊ ကလေးကျောင်းထားတာ ဘယ်လောက်ကုန်မှာတုန်းဟ”

“ဒီမှာ ကိုကံကောင်း၊ တော် မသိဘဲ မပြောနဲ့။ ဒီခေတ်ကျောင်းစရိတ်ကို အရင်စုံစမ်းကြည့် လိုက်ဦး . . . ဟွန်း”

“ကဲပါဗျာ၊ မိကောက်လေးကို ကျွန်တော်တို့ပဲ ထားပေးလိုက်ပါမယ်”

ကိုကံကောင်းက ကိုမြတ်စကားကို ခေါင်းခါသည်။ ကိုကံကောင်းနဲ့ ကိုမြတ်ရဲ့ဝင်ငွေတွေက သူမသာ၊ ကိုမသာဘဲလေ။ ဒါကိုမှ ကိုယ်က ကိုယ်မွေးစားထားသည့် ကလေးကို ကျောင်းမထားပေး နိုင်လို့ သူက ထားပေးမည်ဆိုတာက ကိုကံကောင်း သိက္ခာကို ထိခိုက်သည်။ မွေးစားသမီးမို့ ကျောင်းမထားပေးဆိုသည့် အဖြစ်ကလည်း ရုပ်ဆိုးနေသည်။

“မိကောက်ကို ငါ ကျောင်းထားပေးမယ်။ မကျင်လှ . . . မင်းဘာမှ ထပ်မပြောနဲ့တော့”

ကိုမြတ်တို့လင်မယား ပြန်သွားတော့ မကျင်လှကို ကိုကံကောင်း စကားလုံးဂမပြောတော့”

*

ကျောင်းစတက်ရသည့်နေ့မှာ ပြဿနာ စဖြစ်သည်။ သုန်သုန်က ကျောင်းကို သူမလိုက်ရ လို့ တပူပူ တဆူဆူလုပ်သည်။ အာခေါင်ခြစ်အော်သည်။ မြေပေါ်လှိမ့်ငိုသည်။ မိကောက်ရဲ့ စာအုပ် ကလေးတွေကို စုတ်ဖြဲသည်။ သုန်သုန်ငိုတော့ မကျင်လှ မိကောက်ကို မဲသည်။ ကိုကံကောင်းက မြို့ထဲစိုက်ပျိုးရေးဆေးသွားဝယ်နေသဖြင့် မရှိ။

မနေနိုင်သော မချိုကပဲ ကူးလာကာ မိကောက်ကို ခေါ်ပြီး မှုံကြီးနဲ့ မိကောက်ကို ကျောင်း လိုက်ပို့ပေးရသည်။ ထိုနေ့က မိကောက် ထမင်းချိုင့်မပါ။

မကျင်လှက မိကောက်ကို ထမင်းချိုင့် ထည့်မပေးလိုက်၊ ရပ်ကွက်ကျောင်းမို့ အိမ်နဲ့ကျောင်း နီးနေသဖြင့် မချိုကပဲ မိကောက်အတွက် ထမင်းချိုင့်ကို ပစ္စည်းထွက်သည့် လှည်းကြုံနှင့် ထည့်ပေး လိုက်ရသည်။

မိကောက်ကတော့ ကျောင်းပျော်နေသည်။ ရွယ်တူသူငယ်ချင်းတွေနှင့် လွတ်လပ်စွာ ကစား ရသည်။ အသားဖြူဖြူ ရုပ်ရည်သန့်သန့်နှင့် မိကောက်ကို ခင်ချင်သူက များသည်။ ဆရာမတွေက လည်း ချစ်သည်။

ထို့ကြောင့် မိုးလင်းတာနှင့် ကျောင်းသွားဖို့ တပြင်ပြင်။ ကျောင်းသွားကာနီးတိုင်းလည်း သုန်သုန်က တဂျီဂျီ။ မကျင်လှက ကိုကံကောင်း ကွယ်တာနှင့် တမဲမဲ။ ဒီသံသရာထဲပဲ ဝဲလည်နေရ ပေမယ့် မိကောက် ကျောင်းရောက်တာနှင့် အားလုံးကို မေ့ပစ်လိုက်တော့သည်။

တစ်ရက်မှာတော့ . . . .

ဆရာမတွေကို ပန်းပေးချင်စိတ် ပေါက်နေသည်။ မိကောက်တို့အတန်းက ယုဇနဆို ဆရာ မတွေကို အမြဲလိုလို ပန်းတွေ ပေးတတ်သည်။

ဆရာမတွေကလည်း ယုဇနပေးသည့် ပန်းတွေကို အမြဲပန်လေ့ရှိသည်။

ဒီတော့ မိကောက် ကို ခြံထဲမှာ ရောင်စုံပွင့်နေသည့် ဖြူနီဝါနှင်းဆီတို့ မျက်စပစ်ကြပြီ။

အလှဆုံး ငွားစွင့်နေသည့် နှင်းဆီဖြူတစ်ပွင့်ကို ခူးလိုက်ချိန် . . . .

"ဟဲ့ . . . ကောင်မလေး၊ ဒါ ဘာလုပ်တာလဲ"

"ဆရာမကို ပေးမလို့ အမေ"

"အမယ်လေး . . . ငါ့စီးပွားပျက်အောင် လုပ်နေတာလား မိကောက်။ ဟမ်း . . . ဒီလို ပန်း တစ်ပွင့် ဖြစ်လာဖို့ ဘယ်လောက်ပြုစုပျိုးထောင်ရသလဲ ညည်းသိရဲ့လား။ ကျောင်းလည်း ထားပေး ရသေး။ ရှိတဲ့စီးပွားကိုပါ ဖျက်ဆီးချင်သေး။ လာစမ်း ကဲဟယ် . . . နောက်ကို ခူးဦး။ အဲဒါ ခူးဦး"

ပြောပြောပြီး တဖြန်းဖြန်း ရိုက်လိုက်တာ မိကောက် ခူးထားတဲ့ နှင်းဆီပွင့်လေးလည်း မွမွ ကြေသွားခဲ့သည်။

ထိုနေ့ကလည်း ထမင်းချိုင့်မဲ့စွာ သနပ်ခါးပျက် မျက်ရည်စီးကြောင်းတွေနဲ့ မိကောက် ကျောင်းတက်ခဲ့ရသည်။

ထုံးစံအတိုင်း ကျိုးကြောင်းကိုသိသော မချိုကပဲ မိကောက်ကို ထမင်းချိုင့် လိုက်ပို့ရသည်။

ဘယ်တော့မှ မုန့်မပါ။ မုန့်ဖိုးမရတဲ့ မိကောက်ကို မှုံကြီးကပဲ အမြဲမုန့်ဝယ်ကျွေးရသည်။ မချို ကပဲ အမြဲမုန့်အပိုထည့်ပေးရသည်။

ထိုသို့ အခက်အခဲကြားထဲကပဲ မိကောက်သည် ဉာဏ်ရည်ထက်မြက်ကာ ဘက်စုံထူးချွန် ကလေးတစ်ယောက် ဖြစ်လာခဲ့သည်။

ကျောင်းဝတ်စုံလေးနှစ်စုံသာ လဲလှယ်ဝတ်ရသည့် မိကောက်ခမျာ ထိုကျောင်းဝတ်စုံတွေကို ပေရေနေအောင် ဆော့သည့်နေ့ကတော့ နာပြီသာမှတ်။

မကြည့်ရက်သော မချိုက ကျောင်းဝတ်စုံလေး

နှစ်စုံထပ်ဝယ်ပေးရသည်။

“ကလေးဆိုတာ ဆော့မှာပဲ မကျင်လှရဲ့။ ဆော့တော့လည်း ပေမှာပေါ့။ ကလေးကို ရိုက် မနေပါနဲ့တော့။ ဒီမှာ ကျွန်မနှစ်စုံထပ်ဝယ်လာတယ်”

မကျင်လှ ဝယ်ဆင်တဲ့ ကျောင်းဝတ်စုံတွေက ပေါပေါပဲပဲ အဖြစ်ဝတ်စုံတွေ။

မချို ဝယ်လာပေးတာလေးတွေက အသားအိအိ ကောင်းကောင်းလေးတွေ။

“ဒီလို ပေရေအောင် ဆော့နေတာ ဒီလောက်ကောင်းတဲ့ ဝတ်စုံတွေနဲ့ မတန်ဘူး မချိုရေ။ ဒီကောင်မကို ဆင်လို့မဖြစ်ဘူး။ ဒါလေးတွေကို သိမ်းထားပြီး နောက်နှစ် သမီးသုန် ဝတ်ဖို့ ချန်ထား ရမယ်။ ဝယ်လာပေးတာ ကျေးဇူးနော်”

မချို ဘာမှ မပြောသာဘဲ ဒေါသတွေဖြင့် ပြန်သွားရသည်။

*

ဒီနှစ် သုန်သုန် သူငယ်တန်းစတက်ပြီ။

မတက်ခင်ကတည်းက အိမ်မှာ ဆရာမခေါ်ပြီး စာသင်ခဲ့တာ ခုဆို သုန်သုန်တို့ သူငယ်တန်း စာကို ဒေါက်ဒေါက်ပြေးနေပြီ။

ကျောင်းစတက်သည့်နေ့မှာ မချိုဝယ်ပေးထားသည့် ကျောင်းဝတ်စုံသစ်နှင့် တက်ကြွနေ သည်။ သုန်သုန် ထမင်းချိုင့်မှာ ပုဇွန်တုပ်ဆီပြန်ဟင်းဟာ ဆီနစ်ပြီး ကော့နေသည်။ ရေဘူးလှလှ လေးနဲ့ တစ်ရှူးဘူးလည်း ပါသည်။ မုန့်တွေကလည်း ကိတ်မုန့်၊ ချောကလက် စသဖြင့်

အလျှံပယ် ပါသည်။

ထိုနေ့က မိကောက်ရဲ့ ထမင်းချိုင့်မှာတော့ မျှစ်ကို ဘဲဥနှင့် ရောကြော်ထားသော မျှစ်ကြော် တစ်ခွက် ခြောက်ကပ်ကပ်နှင့်။ မုန့်ဆိုတာ ဝေလာဝေး။ ရေက ကျောင်းရှိသောက်ရေသန့်ဘူးက သောက်ရသည်။ မိကောက်ရဲ့ တစ်ရှူးက မိကောက်ရဲ့ လွယ်အိတ်ကြိုးပဲ။

သုန်သုန်ကို ကိုယ်တိုင်ကျောင်းလိုက်ပို့သော မကျင်လှဟာ မိကောက်ကို ယောင်လို့တောင် လှည့်မကြည့်။ မိကောက်ခမျာ မချိုလက်ကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ရင်း လိုက်ရရှာသည်။

မနှစ်က ကျောင်းဝတ်စုံလေးတွေဟာ နဂိုကမှ အသားမကောင်းသည့်အတွက် နွမ်းဖတ်နေ ပြီ။ မချို ဝယ်ပေးသည့် ဝတ်စုံတွေက သုန်သုန့်ကိုယ်ပေါ်မှာ ကော့နေ၏ ။

ကလေးတွေ ကျောင်းပို့ပြီး ပြန်လာတော့ မချို မကျင်လှကို စကားတောင်မပြောချင်လောက် အောင် ချဉ်နေသည်။

အိမ်ရောက်တာနှင့် ကိုမြတ်ကို ရင်ဖွင့်မိသည်။

"ကိုမြတ်ရယ် . . . ချိုလေ မိကောက်လေးကို သနားလိုက်တာ။ ဟို . . . မိန်းမက သိပ်စိတ် ပုပ်တာ ကိုမြတ်ရဲ့ သိလား။ တစ်နေ့ တစ်နေ့ မြင်ရ ကြားရတာ အကုသိုလ်များလိုက်တာ"

"အင်း . . . ဒါတွေ ကိုကံကောင်း သိမယ်မထင်ဘူးဟ။ ဟိုလူက လူဖြောင့်ပါ။ မကျင်လှ . . . မကျင်လှ ကိုယ်လည်း သမီးလေး မွေးထားပြီး ကိုယ်ချင်းမစာဘူး"

"ချို ဒီလိုစဉ်းစားထားတယ် ကိုမြတ်၊ သားကြီးအတွက် ဆရာမခေါ်သင်ရင် မိကောက်လေး ပါ ခေါ်သင်ပေးမလားလို့"

"သင်ပေးရမှာပေါ့ ချိုရယ်။ သူတို့က သင်ပေးမှာမှ မဟုတ်တာ"

ထို့နောက် ကိုမြတ်လည်း သူ့အလုပ်နဲ့သူ ရှုပ်သွားတော့သည်။ မချိုလည်း အိမ်မှုကိစ္စတွေ လုပ်။ ပြီးတာနှင့် ကိုမြတ်ကိုကူ။

တစ်ဖက်ခြံမှာတော့ ကိုကံကောင်းတစ်ယောက် သမီးနှစ်ယောက် ကျောင်းစရိတ်ကို ရင်ဝယ်ပိုက်ကာ သစ်ပင်တွေကို ပေါင်းသင်မဆုံး။

မကျင်လှ တစ်ယောက်သာ . . . .။

*

သုန်သုန်တစ်ယောက် ရှစ်တန်းအရောက်မှာ ဗွေဖောက်လာသည်။

ကျောင်းစိမ်းနှင့် လိုက်ဖက်သော ဖဲကြိုးအဖြူ အစိမ်းတွေဖြင့် ပဲများတတ်လာသည်။

ပခုံးပေါ် ဝဲကျနေသည့် ဆံပင်တွေကို ဖြောင့်တတ်လာပြီ။ နှုတ်ခမ်းဆေးဆိုးခွင့်မရှိသော ကျောင်းမှာ နှုတ်ခမ်းအရောင်တင်ဆီကို သုံးတတ်လာသည်။

Make-up တွေ Cream တွေ Lotion တွေကို အသားကျကျ သုံးတတ်လာပြီ။

ထမင်းချိုင့်ထည့်သည့် ခြင်းတွေ၊ ကျောပိုးအိတ်တွေကို တစ်ပတ်တစ်ရောင် ပြောင်းတတ် လာပြီ။

သုန်သုန်သာ ထိုသို့ ပြောင်းလဲတတ်တာ၊ မိကောက်နှင့်မှုံကြီးတို့ကတော့ သနပ်ခါးဘဲကြား နှင့် ကျောင်းတက်တုန်း။

တစ်ယောက်လက် တစ်ယောက်တွဲကာ ပျော်ပျော်ပါးပါး ကစားတုန်း။ အပြောင်းဝယ်သည့် လှည်းပေါ် တက်စီးကာ တစ်ယောက်တစ်လှည့် လိုက်တွန်းတုန်း။

စာတွေ သံပြိုင်အော်ကျက်ကာ သင်္ချာတွေ ပြိုင်တွက်တုန်း။

ကိုမြတ်က အဆင့်တက်တဲ့သူကို မုန့်ဖိုးပိုပေးတာမို့ အဆင့်တက်ဖို့သာ စိတ်ဝင်စားကြတုန်း။

မိကောက်ကလည်း ကိုမြတ်နှင့်မချိုကို အဖေ အမေဟု ပြောင်းခေါ်လာတာ သုံးတန်း ကတည်းက။ ထို့အတွက် ကိုကံကောင်းက မနှစ်သက်ချင်သော်လည်း မကျင်လှကတော့ ဂမ်းမ နည်း။

မချိုက မိကောက်ကို ပစ္စည်းတစ်ခုခု ဝယ်ပေးရင်တော့ သေချာပြီ။ ထိုပစ္စည်းသည် သုန်သုန့် လက်ထဲ ကျိန်းသေရောက်ပြီ။

ခုလည်း သုန်သုန် ရှစ်တန်းရောက်လာတော့ အိမ်မှာ ဆရာမခေါ်သင်ပေးတာကို မကြိုက် ချင်တော့။

အပြင်ထွက်ပြီး ကျူရှင်တက်ချင်လာသည်။ ကျူရှင်သွားဖို့ ဂါဝန်ရောင်စုံ ချုပ်ပေးရသည်။ ကြိုးသိုင်းဖိနပ်တွေ၊ ဒေါက်မြင့်ဖိနပ်တွေ ဝယ်ပေးရသည်။

ရောင်စုံကျောက်စီကလစ်လေးတွေ၊ ဖဲကြိုးရောင်စုံတွေ စည်းတတ်လာပြီ။

ကျူရှင်သွားဖို့ အလှပြင်တာ တစ်နာရီခန့် ကြာတတ်လာပြီ။

သုန်သုန် ကျူရှင်သွားမည်ဆို မိကောက်က သနပ်ခါးသွေးပေးရသည်။ ဖိနပ်ကို ဖုန်ခါပေးရ သည်။ ညနေဘက်တွေမှာ ပန်းဝိုင်းညှပ်ပေးခဲ့ရတာ ခြောက်တန်းကတည်းက။ မနက်ဆို စောစော ထပြီး ထမင်းအိုး၊ ရေနွေးအိုး တည်ပေးရတာ ခုနစ်တန်းကတည်းက။ ရှစ်တန်းကျတော့ အပင်တွေ

ပေါင်းပေးတဲ့အလုပ်တစ်ခု ပိုလာပြန်သည်။ ကိုးတန်းရောက်တော့ အပင်တွေ ရေလောင်း ဆေးဖျန်း သို့သော် ကိုးတန်းမှာ မချိုက ပြောလာပြီ။

"ကိုကံကောင်း ဆယ်တန်းအတွက် ကိုးတန်းက အခြေခံပဲ၊ ဒီနှစ်တော့ သမီးလေး စာကို ဖိဖိ စီးစီး လုပ်နိုင်အောင် အိမ်အလုပ်တွေ သိပ်မခိုင်းပါနဲ့ရှင်"

ကိုကံကောင်း ဘာမှမပြောရသေးခင် မကျင်လှက စကားဝိုင်းထဲ ဝင်လာသည်။

"မချိုရယ် . . . မိကောက်ကို ကျွန်မတို့က သေစာရှင်စာ ဖတ်တတ်ရုံလောက် ထားခဲ့ကြ တာရှင့်။ ကိုးတန်းမအောင်လည်း ကျောင်းထုတ်ရုံပြင် မပိုဘူး။ ဆယ်တန်းကျလည်း ဆက်မထားရုံပဲ ဘာမှမထူးဘူး"

"အဲလိုလည်း ဘယ်မဟုတ်မလဲ မကျင်လှရယ်၊ ကျတာနဲ့ အောင်တာ ဘယ်ဟာက ကောင်း လဲ။ အောင်သွားတော့ သူ့ဘဝအတွက် ပိုမကောင်းဘူးလား။ ပြီးတော့ မိကောက်လေးက ဉာဏ် ကောင်းတယ်။ ခုခေတ်မှာ ဆယ်တန်းလေးအောင်တာနဲ့ စတိုးဆိုင်မှာ စာရေးမဖြစ်ဖြစ် ဝင်လုပ်လို့ ရတယ်။ သူ့ဘဝအတွက် ကောင်းသွားတာပေါ့"

"ဒီမှာ မချို၊ ကျွန်မတို့ မွေးထားတဲ့ ကလေးပါရှင်။ ကျွန်မတို့ဘာသာ ဘယ်လိုပဲစီစဉ် စီစဉ် မချိုနဲ့ ဘာဆိုင်လဲ"

"မကျင်လှ . . .မင်း အဲလိုမပြောနဲ့လေ"

မချို ပြန်လာတော့ ကိုကံကောင်းနဲ့ မကျင်လှ စကားဆက်များနေကြတယ်"

ကဲ . . .မိကောက် ရှေ့ရေးကတော့ . . . .။

*

သုန်သုန် လမ်းထိပ်က ချောချောတို့အိမ်ကို စက်ဘီးနဲ့ထွက်လာခဲ့လိုက်သည်။ မိချောတို့ အိမ် ခဏတဖြုတ် သွားတာတောင် သုန်သုန်မျက်မှာမှာ ဆေးဆိုးပန်းရိုက်အပြည့်။

"ဟိတ် . . . ရွှတ် ရွှတ်"

နောက်က စက်ဘီးတစ်စီးလိုက်လာပြီ။ ခဏနေတော့ ထိုစက်ဘီးက သုန်သုန်နှင့်ပူးလျက် ဖြစ်သွားပြီး . . .

"ရေသုန္ဒရီ . . . .ဘယ်သွားမလို့လဲ"

"ဘယ်သွားသွားပေါ့"

"အင်းပေါ့၊ ရွှေသုန် ဘယ်သွားသွား ကိုယ်က လိုက်ရမှာပဲပေါ့"

ဆံရှည် ကုပ်ထောက်တို့ကို မြင်းမြီးရောင် ဆိုးထားပြီး အဆံချောင်ကာ ပိန်ကပ်နေတဲ့ ခန္ဓာ ကိုယ်မှာ ကျပ်ထုပ်နေတဲ့ ဘောင်းဘီအမည်းကို ဝတ်ထားသည်။ တီရှပ်လက်ရှည်ကလည်း အမည်း ရောင်။

လူကြီးတွေ ပြောသလို ပြောရရင် လမ်းသရဲပုံစံ။ လူငယ်တွေစကားနဲ့တင်စားရရင် ခြေသလုံးရိုးက မီးခြစ်ဆံ။

ဒီကောင့်နာမည် မင်းဝေ။

ဆယ်တန်းသုံးခါကျပြီး ဂျလေဘီဖြစ်နေတဲ့ကောင်။ ရွှေသုန္ဒရီကို သဲသဲမဲမဲ။ ရွှေသုန္ဒရီက လည်း ဒါကိုပဲသဘောတကျ။ မင်းဝေကို သဘောကျတာတော့ မဟုတ်။ မင်းဝေ သူမကို အရူးအမူး ဖြစ်နေတာကို သဘောကျတာ။

ဆယ်ကျော်သက် ရွှေရင်သိမ်းသစ်အရွယ်မှာ အတွေးမှားနေတာ။

"ရွှေသုန် . . . ရွှေသုန်က သိပ်လှတာပဲကွာ"

"အဲလို လူတိုင်း ပြောကြပါတယ်"

"ရွှေသုန် . . . ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲ"

"ပေးချင်တဲ့အချိန်ပေါ့၊ ကဲ . . .သုန်သုန် သွားပြီနော်"

ပြောပြောဆိုဆိုနှင့် သုန်သုန်က ချောချောတို့ခြံထဲ ကွေ့ဝင်သွားပြီ။ ချောချောအမေက သုန်သုန်လာတာ မြင်တာနှင့်မျက်နှာပျက်သည်။ သုန်သုန်နှင့် ချောချောတွဲတာကို ချောချော အမေ တစ်စက်မှ မကြိုက်။ သုန်သုန့်ပုံစံကို မျက်စိစပါးမွေး စူးသည်။

"အန်တီ . . . ချောချောရှိလား"

"မရှိဘူး"

"ဘယ်သွားလဲ အန်တီ"

"အပြင်သွားတယ်"

မျက်နှာတည်တည်နှင့် မေးတစ်ခွန်း ဖြေတစ်ခွန်း လုပ်နေသော ချောချောအမေကို အမြင် ကတ်စွာနှင့် ချောချောတို့ ခြံထဲမှာ ပြန်ထွက်လာတော့ အပြင်မှာ မင်းဝေက စောင့်နေတုန်း။

"ရွှေသုန် . . . ကိုယ် "ရွှေသုန့်ကို စောင့်နေတာ"

""ရွှေသုန့်ကို ကိုယ် သိပ်ချစ်တာပဲ ရွှေသုန်ရယ်"

"ရွှေသုန်နဲ့တွေ့မှ အချစ်ဆိုတာ မိုင်းတစ်ခုလို ပေါက်ကွဲ ပွင့်ထွက်လာတာ သိလား"

"ရွှေသုန်ဟာ ကိုယ့်နတ်သမီးပဲ"

"ရွှေသုန့်အချစ်ကို မရရင် ကိုယ်ရူးသွား သေသွားနိုင်တယ် သိလား"

"ကိုယ့် ကမ္ဘာမှာ ရွှေသုန်မရှိရင် အောက်ဆီဂျင်တွေ မဲ့သွားပြီး

ရေတွေခန်းခြောက် သွားလိမ့်မယ်”

“ရွှေသုန် *

““ရွှေသုန် - - - - - -

“ရွှေသုန် . . . . . .

“ရွှေသုန် +++++++

“ရွှေသုန်??????

“ရွှေသုန် - - - -

“ရွှေသုန် . . . .. .

ပေါင်းမြှောက်နုတ်စားတွေနဲ့ မင်းဝေ အလုံးတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းနေတယ်။ စကားလုံးတွေ ပြောတာပါ။

ရွှေသုန္ဒရီဆိုတာကလည်း အဲဒါတွေပဲ သဘောကျနေတာပဲလေ။

ရွှေသုန်တို့ခြံနားရောက်လျှင် မင်းဝေ လှည့်ပြန်သွားတယ်။ ရွှေသုန္ဒရီအဖို့ ဒီနေ့အဖို့ရာ ချောချောနဲ့မတွေ့ရလည်း တန်တယ်။

လမ်းထွက်ပြီး ရွှေရေးပန်းကန် ပြလိုက်ရတာ ကိုး။ မင်းဝေကို မကြိုက်နိုင်ပေမယ့် မင်းဝေရဲ့ တော်ကီတွေကတော့ ရွှေသုန္ဒရီကို အပျင်းပြေစေတယ်လေ။

*

ဒီလိုနဲ့ပဲ . . .

သုန်သုန် ကိုးတန်း။

မိကောက်နဲ့ မှုံကြီးတို့ ဆယ်တန်းကို ရောက်လာတယ်။ မိကောက်နဲ့ မှုံကြီးတို့ ကျွမ်းပြန် အောင်စာကျက်နေရချိန်မှာ သုန်သုန်ကတော့ ရည်းစားတွေထည်လဲထားတတ်လာတယ်။

ရွှေသုန္ဒရီ ကျူရှင်သွားတဲ့ ကျောပိုးအိတ်လေးထဲမှာ ဘီး၊ မှန်၊ နှုတ်ခမ်းနီဆိုးဆေးဘူး စတာ တွေပဲ ပုံမှန်ပါတတ်လာတယ်။

နဂိုရုပ် သိပ်မရှိပေမယ့် ပြင်တတ် ဆင်တတ်တာရယ်၊ ဣန္ဒြေလွန်ကဲ ပဲတစ်ပိသာခွဲ ဖြစ်နေ တာတွေရယ်ကြောင့် ရွှေသုနန္ဒရီဆိုတာ ယောက်ျားလေးတွေ သတိထားစရာ ဖြစ်လာတယ်။ ဒါကို သူမက သူမကိုယ်သူမ စန်းထနေတာဆိုပဲ။

သူမနား ဝိုင်းနေသော ယောက်ျားတွေထဲမှာ သူမကို တန်ဖိုးထားသူကို လက်ချိုးရေလို့ တောင် နှစ်ဦးမပြည့်တာကို မသိဘဲ ပိတုန်းတွေကို မြူဆွယ်မိတဲ့ ပန်းပမာ လေယူရာတိမ်းနေခဲ့ တယ်။

ဒါကို မှုံကြီးက မျက်စိစပါးမွေးစူးတယ်။ မစူးပဲခံနိုင်ရိုးလား။ မိကောက်ကျောင်းလာရင် ဘေးမှာ မှုံကြီးကလွဲ၍ ဘယ်သူမှမပါ။

သုန်သုန်တို့ ကျောင်းလာပြီ ဆိုရင်တော့ ဘေးတစ်ဖက်တစ်ချက်မှာ ကောင်လေးတွေ တရုန်းရုန်းနှင့်။

တစ်နေ့လည်း . . .

သုန်သုန့်ကို ကောင်လေးတစ်ယောက်က ဆွဲလွဲနေတယ်။ သုန်သုန့်လက်မောင်းကို ဆောင့် ဆွဲထားလို့ သုန်သုန်ရုန်းလို့မရဘူး။ သုန်သုန့်ကျောင်းလွယ်အိတ်ကလည်း ထိုကောင်လေးလက်ထဲ မှာ။

"နင် ငါ့ကို လွှတ်နော် ဖေယျ"

"ဘာလို့ လွှတ်ရမှာလဲ၊ နင်က ငါ့ရည်းစားပဲ၊ နင်ခေါက်ချင်သလို

ခေါက်လို့ရတဲ့အထဲမှာ ငါမပါဘူး ရွှေသုန္ဒရီ”

မှုံကြီးနဲ့ မိကောက် သူတို့အဖြစ်အပျက်ကို လှမ်းတွေ့လိုက်ရသည်။

“တောက် . . . မိသုန်တော့ ရုပ်ဖျက်ပြန်ပြီကွာ”

မှုံကြီးက သူ့လွယ်အိတ်ကို မိကောက်လက်ထဲထည့်ကာ သုန်သုန်တို့နား ရောက်သွားသည်။

“မိသုန်”

“မှုံကြီး”

“ဟိတ်ကောင် . . . မိသုန်ကို လွှတ်လိုက်”

“ငါ့ရည်းစားလက် ငါကိုင်တာ ဘာလို့လွှတ်ရမှာလဲ”

“မင်းရည်းစားဆို မင်းကို ကြည်မှာပေါ့၊ ရုပ်ပျက်ဆင်းပျက် ရုန်းပါ့မလား”

“ဒီမှာ ဟိတ်ကောင်၊ မဆိုင်ရင် ဝင်မရှုပ်နဲ့၊ ဒီကောင်မ ခုမှ ငါ့ကို ခေါက်ချင်နေတာ၊ မင်း မှတ်ထားဖို့က ဇေယျဆိုတဲ့ကောင်က ညို့မြလုပ်ပြီး ခေါက်လို့ရတဲ့အထဲမှာ မပါဘူးဆိုတာ သူ့ကို ငါ မှတ်လောက်သားလောက်အောင်ပဲ ပညာပေးမှာပါ”

“ကောင်းကောင်းပြောရင် မရဘူးဆိုတော့ ကဲကွာ . . .ခွပ်”

“ဩော် . . . မင်းက ဒီလိုလား . . .ခွပ်”

မှုံကြီးနဲ့ ဇေယျတို့ ဘတစ်ပြန်ကျားတစ်ပြန် ထိုးသတ်ကုန်ကြပြီ။ မိကောက် ပြေးလာပြီး မှုံကြီးကို ဆွဲရ၏ ။

“မိကောက် . . .ဖယ်၊ နင့်ကို ထိမယ်”

“မလုပ်ပါနဲ့ မှုံကြီးရယ်၊ လာကြပါဦး၊ ဒီမှာ ရန်ဖြစ်နေလို့”

မိကောက်သာ ပျာပျာလူးအောင် ဆွဲရလွဲရတာ ။ သုန်သုန်ကတော့ အင်္ကျီတွေ သေချာဆွဲ ဆန့်ပြီး ဘီးထုတ်ကာ ဆံပင်တောင်သေချာပြန်ဖြီးလိုက်သေးသည်။ မျက်နှာကို တစ်ရှူးနှင့် သာသာ တို့ကာ ကော့ရော့နေအောင် ထွက်သွားတော့သည်။

ထိုနေ့က ဇေယျာရော မှုံကြီးပါ မျက်နှာတွေ ဖူးရောင်ကုန်သည်။ နှာခေါင်းကသွေးတွေ ယို သည်။ သို့သော် သူတို့ဒဏ်ရာကို ဂရုမစိုက်အား။ သူတို့ကို ဝင်ဆွဲရင်း သူတို့လက်စာမိသွားသော မိကောက်နားထင် ညိုမည်းသွားတာကိုသာ ဝိုင်းဂရုစိုက်ဖြစ်ကြသည်။

ထိုနေ့က သူတို့ကျောင်း တော်တော်နောက်ကျသွားပြီ၊ မျက်နှာတွေက စုတ်ပြတ်ဖူးရောင် နေသဖြင့် ကျောင်းကိုလည်း မသွားချင်တော့။

ဒီတော့ သူတို့ ကျောင်းမတက်တော့ဘဲ ကျောင်းဘေးက လက်ဖက်ရည်ဆိုင်ထဲမှာ ဝင်အောင်းနေလိုက်ကြသည်။

မိကောက်က သူ့လက်ကိုင်ပဝါကို လက်ဖက်ရည်ဆိုင်ကပေးသော ရေနွေးဇလုံထဲနှစ်ပြီး သူတို့ဒဏ်ရာတွေကို ရေနွေးပူဖြင့် ဖိပေးသည်။

"အား . . . ပူတယ် မိကောက်ရ"

"ငါ ရေနွေးတွေ ပြောင်အောင်ညှစ်ထားပါတယ်ဟယ်"

မိကောက်က မှုံကြီးကို ဇေယျာက ငေးနေသည်။ မိကောက်က ဇေယျာဒဏ်ရာတွေကို ရေနွေး ကပ်ပေးမယ်လုပ်တော့ မှုံကြီးက . . .

"ပေး . . .ပေး မိကောက်၊ ငါလုပ်ပေးလိုက်မယ်"

မိကောက် နားထင်ကိုလည်း မှုံကြီးပဲ ရေနွေးကပ်ပေးသည်။ သို့သော် ထိုနေ့က ဇေယျာ၊ မိကောက်နဲ့ မှုံကြီးတို့ကတော့ သူငယ်ချင်းတွေ ဖြစ်သွားကြသည်။

"ငါလည်း မိုက်မိုက်ရိုင်းရိုင်း မဟုတ်ပါဘူးကွာ။ ဒါပေမဲ့ ရွှေသုန္ဒရီက

မိုက်ရိုင်းလွန်းလို့ အရမ်း စိတ်တိုသွားလိုပါပ။ မင်းတို့ စဉ်းစားကြည့်ကွာ။ စတုန်းက သူက အရင်လာစတာကွာ။ ကိုရီးယား ကားထဲကလိုပဲ။ ဟား ဟား . . . ပြီးမှ ခေါက်တာကွ။ ယောကျ်ားလေးတစ်ယောက်ကို အဲလိုလုပ်လို့ မရဘူးဆိုတာလောက်တော့ သိစေချင်လို့ ငါလုပ်တာ”

သုန်သုန့်ကို ဒီလိုကြိမ်းနေတဲ့သူတွေ ဘယ်နှဦးလောက် ရှိနေပါလိမ့်။

*

“မိကောက် . . .လာစမ်း”

ခြံထဲဝင်ခြင်း ကိုကံကောင်းက လှမ်းခေါ်သည်။ သာမန်လေသံနှင့်တော့ မဟုတ်။ ပေါက်ကွဲ သံနှင့် ခေါ်တာပါ။

“အဖေ”

“နင် ဒီနေ့ ကျောင်းမတက်ဘဲ ဘယ်သွားနေတာလဲ”

“ရှင်”

“နင့်ကို ကျောင်းပြေးပြီး ပေါက်လွှတ်ပဲစားသွားဖို့ ကျောင်းထားတာ မဟုတ်ဘူး”

မကျင်လှက . . .

“တရားပြမနေနဲ့ ယောကျ်ား။ ရှင် မရိုက်ရင် ကျုပ်ရိုက်မှာနော်”

သုန်သုန်က လက်သည်းနီဆိုး မပျက်ရုံ ပခုံးကိုတွန့်သည်။ တကယ်ဆို သူမကြောင့် ကျောင်းပျက်ရတာ လေ။ ခုတော့ . . .

“သမီး သုန် ပြောလို့ သူကျောင်းမတက်တာ သိရတာ ၊ မိကောက် . . .

ညည်း ကျောင်းမနေ ချင်တော့ဘူးလား။ မတက်ချင်တော့ရင်လည်း ထွက်။ အိမ်မှာ ကူလုပ်တာမှ အကျိုးရှိဦးမယ်”

“မိကောက် . . . နင့်မှာ အပြစ်ရှိလား၊ မရှိဘူးလား”

“သမီး ကျောင်းမတက်တာ အပြစ်ရှိပါတယ် အဖေ”

“အေး . . . . လာခဲ့”

ကိုကံကောင်း လက်ထဲမှာ သူမကို မကျင်လှ ရိုက်နေကြ ကြိမ်လုံးနှစ်လုံးပြူး။ အံကို တင်းတင်းကြိတ်ကာ ကျောမတွန့်ဘဲ တစ်ဖက်လှည့်ပေးလိုက်သည်။ ကြိမ်ရိုက်ချက်တွေက ခြေသလုံးသားနုနုပေါ်ကို အရှိန်ပြင်းပြင်း ကျရောက်လာသည်။

အသံတစ်ချက် မထွက်ဘဲ တင်းခံသည်။ နှုတ်ခမ်းတွေကို အသံမထွက်အောင် ထိန်းလို့ရပေ မယ့် မျက်ခွံတွေကို ထိန်းလို့မရဘူး။ နာကြည်းမျက်ရည်တွေက မလှပစွာ ကျလာခဲ့တယ်။

သုန်သုန်က လက်ချောင်းလေးတွေထောင်ကာ တဟူးဟူး မြည်အောင် မှုတ်ရင်း . . .

“နောက်တစ်ခါ ကျောင်းမပြေးနဲ့ပေါ့ မိကောက်ရယ်”

စိတ်တိုစရာပင်၊ သူမ ကျောင်းပျက်ရတာ သုန်သုန့်ကိစ္စကို ဝင်ရှင်းနေရလို့လို့ ဘယ်လို ပြောရမှာလဲ။ အဲဒီ ဖော်လိုက်လို့ မကျင်လှမဲတာထက်စာရင် ဒီအရိုက်ခံရခြင်းကမှ သက်သာသေး တယ်။ ဆယ်ချက်တိတိ အရိုက်ခံရပြီးမှ . . .

“သွားတော့၊ နောက်တစ်ခါ ကျောင်းပြေးရင် နင့်ကိုမရိုက်တော့ဘူး။ ကျောင်းထုတ်ပစ်မယ်။ ကြားလား”

အဖေ့ကို ဘာမှပြန်မပြောခဲ့ပေမယ့် စိတ်ထဲမှာတော့ သုန်သုန့်ကြောင့်

ဘယ်တော့မှ ကျောင်းမပြေးဖို့ သေချာသွားပြီ။ မတန်ဘူးလေ။

ခြေသလုံးက နာကျင်တာက တဆစ်ဆစ်နဲ့။ ဒါပေမဲ့ ရင်ထဲက ပိုနာသည်။ ရေချိုးပြီး ခြေသလုံးကို သနပ်ခါးထူထူဖို့လိုက်သည်။

ညနေဘက်ကျတော့ မှုံကြီးတို့ခြံဘက် စာသွားမသင်ချင်တော့။ မိကောက် မသွားတော့ မှုံကြီးက လာခေါ်သည်။ မှုံကြီး လာခေါ်တော့ ကိုကံကောင်းနဲ့ တိုးပြီလေ။

"မှုံကြီးရေ . . . . ဒီနေ့ မိကောက် ကျောင်းမတက်ဘူးဆိုကွ"

"ဗျာ"

မကျင်လှကပါ ဝင်ထောက်သည်။

"ကျောင်းပြေးတယ်ဆိုလို့ သူ့အဖေ သယ်ထားပြီးလေ၊ ဂန်းမ နောက်တစ်ခါလုပ်ရင် ကျောင်းအထုပ်ပဲ"

မှုံကြီး တင်းသွားသည်။ မှုံကြီး ဆိုတာက ကိုကံကောင်းနဲ့မကျင်လှကို ကြောက်ရတာ မှ မဟုတ်တာ။ ကိုကံကောင်းကို သုန်သုန်နဲ့ဇာတ်ထုတ်အား ရှင်းပြလိုက်သည်။

နဂိုကတော့ သုန်သုန့်ကို တိုင်ဖို့အစီအစဉ် မရှိပါ။ သို့သော် ကြားထဲက မိကောက် အသား နာရသဖြင့် အကုန်ဖွင့်ချပစ်လိုက်သည်။

"ဘာ . . . ဒါဆို မိသုန်ကြောင့် ဖြစ်တာပေါ့"

မှုံကြီး မျက်နှာပေါ်က အညိုအမည်းတွေကိုကြည့်ပြီး ကိုကံကောင်း နောင်တရသွားသည်။ မိကောက် ကျောင်းပြေးတာကို ကျောင်းပြေးသည့် အကြောင်းရင်းကို မသိဘဲ ကရုဏာဒေါသနှင့် ဆုံးမလိုက်မိတာလေ။

ထိုညနေက မှုံကြီးလည်း စာမသင်ဖြစ်တော့ဘဲ ဆရာမကို ပြန်လွှတ်လိုက်ရသည်။ ညဘက် ကျတော့ ခြံထောင့်က ခရေပင်အောက်မှာ

မိကောက် ခြေထောက်က သနပ်ခါးတွေကို ရေစိုဝတ်နဲ့ ပွတ်သုတ်ပြီး
ဒဏ်ကြေလူးဆေး လိမ်းပေးမိတာ ငယ်သူငယ်ချင်း သံယောဇဉ်နဲ့ပါ။

*